The Border Consortium

မဟာဗြူဟာ အစီအစဉ် (၂၀၁၃–၂၀၁၇)

The Border Consortium

မာတိကာ

အကျဉ်းချုပ်..... ၁

လုပ်ဆောင်ချက်၊ မျှော်မှန်းချက်နှင့်တန်ဖိုးထားမှုများ..... ၂

တန်ဖိုးထားမှုများ ၃

လုပ်ငန်းအစီအစဉ် တွက်ကိန်းများ..... ၄

လုပ်ငန်းဖြူဟာဦးတည်ချက်၊ ရည်မှန်းချက်နှင့် မျှော်လင့်ထားသောရလဒ် . ၅

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ (၁)။ ကျင့်ဝတ်များ..... ၉
- နောက်ဆက်တွဲ (၂)။ အဖွဲ့အစည်း၏ ရည်မှန်းချက်နှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ..... ၁၀

အကျဉ်းချုပ်

ဤ **မဟာဗြူဟာ အစီအစဉ်** ၂၀၁၃–၂၀၁၇ သည် ၁၉၈၄ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော The Border Consortium (TBC) ၏ နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရေးအတွက် လုပ်ဆောင်ချက်အသစ်တစ်ခုကို ဖွင့်လှစ်လိုက်ပါသည်။ ဤအသင်းသည် မြန်မာနိုင်ငံ၏ ပြောင်းလဲနေ သောနိုင်ငံရေး အခြေအနေအပေါ် တုံ့ပြန်ရန်နှင့် တိုးတက်ပြောင်းလဲနေသောငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်း စဉ်တို့ကို အထောက်အကူပြုရန် ကြိုးပမ်းပေးသည်။

အသင်းကြီးသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ စစ်ဒဏ်သင့်လူမှုအဖွဲ့အစည်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ ကျယ်ဝန်းလာမှုကို ထင်ဟပ်သောအားဖြင့် မူလအမည်ကို ပြောင်းခဲ့သည့်အပြင်၊ လာမည့် ဒုက္ခသည်များ နေရပ်ရင်းပြန်ရန် အလားအလာရှိခြင်းကို အသိအမှတ်ပြုသောအားဖြင့်လည်း လုပ်ငန်းဗြူဟာသစ်များကို ချမှတ်ခဲ့ပါသည်။

နေရပ်ရင်းပြန်ရေးနှင့် မြန်မာနိုင်ငံ၏လူမှုအဖွဲ့အစည်းများထဲသို့ ပြန်လည်ပေါင်းစည်းရေးသည် တိကျရေရာသောလုပ်ဆောင်ချက်များဖြင့် အကြိမ်ကြိမ်အဖန်ဖန်လုပ်ဆောင်ရမည့်ကိစ္စဖြစ်သည့်အပြင်၊ လုပ်ငန်းအစီအစဉ်ရေးဆွဲရာ၌လည်း ပါထည့်သွင်းရမည့်ကိစ္စ ဖြစ်သည်။

အထောက်အပံ့အလိုအပ်ဆုံးသူများကို ရည်ရွယ်ပံ့ပိုးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းစီမံချက်များဖြင့် ရိက္ခာစိုများရ ရှိစေခြင်း၊ နို့စို့ ကလေး/ကလေးငယ်များအား အစာအဟာရကျွေးမွေးခြင်းတို့ကို သတ်သတ်မှတ်မှတ်ဆောင်ရွက်ခြင်း အားဖြင့်လည်း ရိက္ခာလုံခြုံမှုနှင့် အဟာရဆိုင်ရာလုပ်ငန်းအစီအစဉ်ကို ပံ့ပိုးပေးပါသည်။

အလုပ်အကိုင်ဖန်တီးရေး၊ စီးပွားရေးလုပ်ငန်းအငယ်စားများထူထောင်ရေး၊ သမဝါယမများပေါ်ပေါက်ရေး၊ စွမ်းရည်မြင့်တင်ရေး၊ နည်းပညာသင်တန်းပေးရေးတို့ကို ဆက်လက်ဆောင်ရွက်သွားခြင်းအားဖြင့်လည်းကောင်း၊ အရင်းအနှီးမတည်ခြင်း အားဖြင့် လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဝင်ငွေနှင့်ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအစီအစဉ်ကို တိုးချဲ့ပါသည်။

နေအိမ်ဖြည့်ဆည်းပေးရေးအစီအစဉ်တွင် နေအိမ်ဆောက်လုပ်ရေးကျွမ်းကျင်မှုများဖြည့်ဆည်းပေးရေး၊ အိမ်ရာကွက်များ ချထားရေး၊ အိမ်ဆောက်ပစ္စည်းများတာရှည်ခံရေးတို့ပါဝင်သည့်အပြင် ရပ်ရွာ၏သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်မှုနှင့် လည်း ကောင်းစွာဆက်စပ်ထားသည်။

စခန်းစီမံအုပ်ချုပ်မှုအဖွဲ့များကို ခေါင်းဆောင်မှုအတတ်ဆိုင်ရာသင်တန်းနှင့် နည်းပေးလမ်းပြမှုများ၊ အများပြည်သူပါဝင်သော လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းများဖြင့် အင်အားတောင့်တင်းစေမည့်အပြင်၊ ဤစီမံအုပ်ချုပ်မှုအဖွဲ့များ အနေနှင့် မိမိတို့ကိုယ်စားပြုသောမတူကွဲပြားသည့်လူအုပ်စုများကို တာဝန်ယူမှုနှင့် အလုပ်အကြွေးပြုအောင် သက်ဆိုင်ရာ လူထုများက ထိန်းကွပ်ပေးမည် ဖြစ်သည်။

အဖွဲ့အစည်းအတွက် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အခြေစိုက်ခဲ့ခြင်းသည် ဤကဲ့သို့ကူးပြောင်းမှုကာလတွင် ဒုက္ခသည် များ၊ ထို့ပြင်နေရပ်ရင်းကိုစွန့်ခွာထွက်ပြေးခဲ့ရသောပြည်တွင်း ဒုက္ခသည်များ နေရပ်ရင်းသို့ပြန်သွားလျှင် ထိုသူများ၏ လိုအပ်ချက်များကို ပို၍ကောင်းမွန်သောလုပ်ဆောင်ချက်နှင့် တုံ့ပြန်မှုကို ပေးနိုင်မည် ဖြစ်သည်။

TBC သည် နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူများနှင့် စစ်ဒဏ်သင့်လူမှု အုပ်စုများအရေးနှင့်ပတ်သပ်၍ ယခင်ကနည်းတူပင် ရေရှည်တည်တံ့နိုင်သောဖြေရှင်းနည်းများဖြင့် ဆက်လက်ဆောင်ရွက်ပေး သွားမည် ဖြစ်သည်။ မဝေးလှသောအနာဂတ်တွင် ထိုသူတို့သည် ၄င်းတို့ ကာလရှည်ကြာစွာတောင့်တခဲ့သော ဂုဏ်သိက္ခာ နှင့်ငြိမ်းချမ်းရေးတို့ကိုရရှိလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

လုပ်ဆောင်ချက်၊ မျှော်မှန်းချက်နှင့် တန်ဖိုးထားမှုများ

လုပ်ဆောင်ချက်

TBC သည် အကျိုးအမြတ်အတွက်မဟုတ်၊ အစိုးရအဖွဲ့အစည်းလည်းမဟုတ်ဘဲ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူများနှင့် စစ်ဒဏ်သင့်သူများတို့၏ လူသား ချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့် ဆည်းပေးရန်နှင့် ငြိမ်းချမ်းရေးဖွံ့ဖြိုးရေးအတွက် လူထုအခြေခံသောဖြေရှင်းနည်းများကို အထောက်အကူ ပြုပေးရန်စသည်တို့အား အတူတကွ ပူးပေါင်းဆောင်ရွက်နေသော မဟာမိတ်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

မျှော်မှန်းချက်

TBC မှ လူ့အခွင့်အရေးအားလေးစားမှုအပြည့်အဝရှိသော၊ ကွဲပြားခြားနားမှုများကို နှစ်လိုစွာလက်ခံရန်နှင့် လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှိရှိနိုင်သော ငြိမ်းချမ်းသည့်မြန်မာနိုင်ငံတစ်ခု ဖြစ်ရန် မျှော်လင့်သည်။

လုပ်ငန်းအစီအစဉ်တွက်ကိန်းများ

အခြေအနေနှင့်ပတ်သက်သောတွက်ကိန်းများ

- ထိုင်းအစိုးရမှ မိမိနေရပ်သို့ပြန်ရန်အတွက် ပြည်တွင်းအခြေအနေကောင်းမွန်လာသည့်အချိန်ထိတိုင်အောင် ဒုက္ခသည်များအား ထိုင်းနိုင်ငံတွင် ယာယီခိုလုံခွင့်ပေးလိမ့်မည် ဖြစ်သည်။
- မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များသည် တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာလိမ့်မည်၊ ထို့နောက်တွင် ဒုက္ခသည်များ မိမိနေရပ်သို့ပြန်နိုင်ရန်အတွက် ကောင်းမွန်သောအခြေအနေတစ်ခုသို့ ရောက်လိမ့်မည်။
- နေရပ်ရင်းမှစွန့်ခွာထွက်ပြေးခဲ့ရသူများသည် မိမိနေရပ်သို့ပြန်ရန်နှင့် မိမိနေရပ်ရှိလူများ/အဖွဲ့အစည်းတို့နှင့် ပြန်လည်ပေါင်းစည်းရေးအတွက် ပြင်ဆင်ရန်လိုအပ်လိမ့်မည်။
- တတိယနိုင်ငံများသို့သွားရောက်အခြေချနေထိုင်နှုန်းသည် ဆက်လက်ကျဆင်းလိမ့်မည်။
- မိမိနေရပ်ရင်းသို့ပြန်သွားသည့်တိုင် ထိုင်းနိုင်ငံတွင် ဒုက္ခသည်များ၏နေထိုင်ခဲ့သောဖြစ်စဉ်မှတ်တမ်းများ ကျန်နေလိမ့်မည်ဖြစ်သည်။

အဖွဲ့အစည်းနှင့်ပတ်သက်သောတွက်ကိန်းများ

- ထိုင်းအစိုးရနှင့် အပြုသဘောဆောင်သောဆက်ဆံရေးမှာ ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး၊ TBC မှ ထိုင်းနိုင်ငံတွင် ကူညီရေး လုပ်ငန်းအစီအစဉ်နှင့် ဝန်ဆောင်မှုများကို ဆက်လက်ပေးသွားနိုင်လိမ့်မည်။
- ထိုင်းနိုင်ငံထဲတွင် TBC မှ ကူညီပေးနေသောလုပ်ငန်းအစီအစဉ်နှင့် ဝန်ဆောင်မှုများကို ပြောင်းလဲနေ သောအခြေအနေများနှင့် လိုက်လျောညီအောင်ပြုပြင်ရန် လိုလိမ့်မည်။
- TBC သည် မြန်မာနိုင်ငံတွင် အခြေချခွင့်ရလိမ့်မည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနယ်မြေထဲသို့ ဝင်ရောက်လုပ်ကိုင်ခွင့်ရလိမ့်မည်။ ထို့ပြင်ဒုက္ခသည်များ ပြန်လည်ဝင်ရောက်နေထိုင်သောနယ်မြေများတွင် လုပ်ငန်းအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခွင့်လည်း ရလိမ့်မည် ဖြစ်သည်၊
- TBC အဖွဲ့အစည်း/အဖွဲ့ဝင်များသည် ဒုက္ခသည်များကိုအကူအညီပေးရန် စုပေါင်းအင်အားဖြင့် အစွမ်းကုန်ကြိုးပမ်းကြမည်ဖြစ်ပြီး၊ မိမိတို့အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းအစီအစဉ်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်အောင် ရေးဆွဲကြလိမ့်မည်။

ဖြူဟာဦးတည်ချက်များ

အသင့်ရှိခြင်း

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း အခြေအနေကောင်းမွန်လာသောအချိန်တွင် နေရပ်ရင်းမှစွန့်ခွာထွက်ပြေးရသူများနှင့် ဒေသခံအဖွဲ့အစည်းတို့သည် မိဆန္ဒအလျောက်ပြန်ခြင်း၊ ဘေးကင်းစွာပြန်ခြင်း၊ ဂုဏ်သိက္ခာရှိစွာနေရပ်သို့ပြန်ခြင်းနှင့် ရေရည်တည်တံ့သောပြန်လည်ပေါင်းစည်းရေးအတွက် အရေးဆိုခြင်းနှင့် ပြင်ဆင်ခြင်းပြုလုပ်ရန် ကူညီထောက်ပံ့ပေးသည်။

မျှော်လင့်ထားသောရလဒ်များ

- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ပဋိပက္ခနှင့် မတရားပြုခြင်းမှ ပြည်သူလူထုများအား ကာကွယ်စောင့်ပေးမှုသည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များစသည်တို့နှင့် အချက်အလက်ရှိရှိ အရေးဆိုခြင်းနှင့် ပေါ်လစီအဆင့်ဆွေးနွေးခြင်းတို့ပြုလုပ်ရန် အားပေးသည်။
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ဒုက္ခသည်လူမှုအုပ်စုများဖြင့် ငြိမ်းရေးတည်ဆောက်ခြင်းဦးဆောင်မှုများ ပြုလုပ်ရန် ထောက်ခံအားပေးသည်။
- မိမိဆန္ဒအလျောက်နေရပ်သို့ပြန်ခြင်းမှုကို ထောက်ခံအားပေးသည်။
- နေရပ်ရင်းသို့ပြန်ရေးနှင့် ပြန်လည်ဝင်ရောက်ပေါင်းစည်းရေးအစီအစဉ်ရေးဆွဲခြင်းတွင် နေရပ်မှစွန့်ခွာသူများ/ဒုက္ခသည်များ၊ ဒုက္ခသည်ကော်မတီများ၊ ဒုက္ခသည်များ ပြန်သွားဖွယ်ရှိသောနယ်မြေဒေသရှိလူထုများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထည့်သွင်းအကောင်အထည်ဖော်မည် ဖြစ်သည်။
- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် ထိုင်းနိုင်ငံတွင်းရှိ ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများကြားတွင် နယ်စပ်ရှိ ညှိနှိုင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်ကောင်းစေခြင်း။
- ဒုက္ခသည်များမှ နေရပ်ပြန်ခြင်းနှင့်ပတ်သက်သောသတင်းအချက်များကို လက်ခံရရှိခြင်း၊ စခန်းထဲနှင့် စခန်းတလျောက်တွင် သတင်းအချက်အလက်များ မျှဝေခြင်း။
- TBC သည် စခန်းနေဒုက္ခသည်များနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိပြည်တွင်းဒုက္ခသည်များ၏ အခြေအနေသုံးသပ်ချက်နှင့်ပတ်သက်သော သတင်းအချက်အလက်များရရှိရာ အဓိကနေရာဌာနတခုဖြစ်ခြင်း။ TBC သည် နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူများနှင့် စစ်ဒဏ်သင့်ပြည်သူများအပေါ်တွင် မှန်ကန်၍ လက်ရှိဖြစ်နေသော အရာများကို သုတေသနများလုပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ပြုလုပ်ပေးခြင်း။
- ဒုက္ခသည်အချို့သည် မိမိတို့၏ဆန္ဒအလျောက်နေရပ်သို့ပြန်ရန် ရွေးချယ်ရာတွင် ယုံကြည်မှုရှိသည်။

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

အမျိုးသမီးများနှင့် အစွန့်ပစ်ခံရသောအုပ်စုများကိုဦးစားပေးလျက် နေရပ်ရင်းခွန်ခွာထွက်ပြေးရသူများနှင့် စစ်ဒဏ်သင့်လူမှုအုပ်စုများကို လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးမြင့်တင်ပေးခြင်း၊ လူမှုရေးအရင်းအနှီးများကိုဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ရေရှည်အသုံးပြု၍ရသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးခြင်းစသည်တို့ကို ပံ့ပိုးကူညီသည်။

မျှော်လင့်ထားသောရလဒ်များ

- ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးရွာများအတွက် စွမ်းရည်များတိုးတက်လာခြင်းနှင့် အရင်းအနှီးပစ္စည်းများ အစားပြန်ရခြင်း။
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာလုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် စွမ်းရည်များတိုးတက်လာခြင်း။
- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအခြေအနေနှင့်ကိုက်ညီသော ရေရှည်တည်တံ့နိုင်သည့်စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများပြုလုပ်ပေးခြင်းကြောင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်များအတွက် ရိက္ခာလုံခြုံမှု တိုးတက်ကောင်းမွန်လာခြင်း။
- ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ဒုက္ခသည်များမှ မိမိတို့၏ကျွမ်းကျင်မှုများကို တိုးမြှင့်ကြခြင်း။
- ဒုက္ခသည်များက အလားအလာရှိသောစီးပွားရေးလုပ်ငန်းအသေးစားများကို တည်ထောင်ကြခြင်းနှင့် ဆက်လက်ထိန်းသိမ်းထားကြခြင်း။
- ငွေစုငွေချေးအသင်းများက အရင်းအနှီးများ ထောက်ပံ့ပေးခြင်းနှင့် ဒုက္ခသည်အိမ်ထောင်စုများ၏ စုဆောင်းငွေပမာဏများကို တိုးစေခြင်း။
- အလုပ်အတွက်ငွေပေးခြင်း (ထောက်ပံ့ကြေးငွေပေးခြင်း) လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းကျွမ်းကျင်မှုများရရှိလာကြခြင်းဖြင့် ဒုက္ခသည်အိမ်ထောင်စုများ၏ ဝင်ငွေကို ဖြစ်ပေါ်စေခြင်း။

လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု

လူသားချင်းစာနာမှုဆိုင်ရာကူညီမှုသည် အထောက်အပံ့အလိုအပ်ဆုံးသူများကို အလေးထားကူညီရန် ဖြစ်သည်။ ထို့ပြင်စားနပ်ရိက္ခာလုံခြုံမှုနှင့် နေအိမ်လုံခြုံမှုရှိရန် ကူညီပေးသောအိမ်ထောင်စုစွမ်းရည်များနှင့် နည်းနာများကိုလည်း ထောက်ပံ့ပေးပါသည်။

မျှော်လင့်ထားသောရလဒ်များ

- အထောက်အပံ့အလိုအပ်ဆုံးသူများကို တိုး၍ထောက်ပံ့ခြင်း၊ ပွင့်လင်းမြင်သာမှုလည်းရှိသောလူထု၏ စီစစ်မှုနှင့် အခြားသောရည်ရွယ်ထားသောရွေးချယ်နည်းများမှ သတ်မှတ်ထားသော ကိုယ့်အားကိုယ်ကိုး၍ ရပ်တည် နိုင်သူများအတွက် အကူအညီများလျှော့ချခြင်းအားဖြင့် ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်များသည် လုံလောက် ၍သင့်တော်သော ရိက္ခာနှင့်နေအိမ်လုံခြုံမှု ရှိခြင်း။
- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ပြည်တွင်းဒုက္ခသည် (Internally Displaced Persons) များ စားနပ်ရိက္ခာ အကူအညီများ ရရှိခြင်း။
- လတ်ဆတ်သောစားနပ်ရိက္ခာများထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်း၊ အမျိုးမျိုးပြောင်းလဲထုတ်လုပ်မှုနှင့် ဈေးကွက်ကိုဦးတည်သောရိက္ခာထောက်ပံ့မှုဆိုင်ရာစံနမူနာများပြလုပ်ဆောင်ချက်အားဖြင့် ရရှိနိုင်သောရိက္ခာများကို တိုးပွားလာခြင်း။
- လုံလောက်ပြီး လက်ဆင့်ကမ်းထောက်ပံ့ပေးမှုကို တာဝန်ရှိရှိပြုလုပ်ပေးခြင်းအားဖြင့် အကူအညီလိုအပ်ချက်များကို ဖြည်ဆည်းပေးခြင်း။
- အိမ်ထောင်စုများမှာ ကျန်းမာရေးနှင့်ညီညွတ်သောအစာအဟာရများပြုလုပ်ရန် ဗဟုသုတနှင့် စွမ်းရည်များ ရှိခြင်း။
- ငွေထုတ်ပေးမှုကြောင့် အဆင်းရဲဆုံးကျေးရွာများအား အကူအညီပေးခြင်း။

အများပါဝင်မှုနှင့် အုပ်ချုပ်မှု

ရပ်ရွာ(စခန်း)ခေါင်းဆောင်များ၏စွမ်းရည်များကို တိုးမြှင့်ပေးခြင်း၊ အများပြည်သူတို့အားပါဝင်စေခြင်းနှင့် အရပ်သားအဖွဲ့အစည်းများ၏ပါဝင်မှုကို တိုးမြှင့်ပေးခြင်းအားဖြင့် တာဝန်ယူမှုနှင့်အများပါဝင်မှုလည်းရှိသောလုပ်ငန်းအစီအစဉ်၊ အုပ်ချုပ်မှုနှင့်ပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ချက်များတို့ကို အင်အားတိုးစေသည်။

မျှော်လင့်ထားသောရလဒ်များ

- ရပ်ရွာ(စခန်း)ခေါင်းဆောင်ဖွဲ့စည်းထားပုံသည် တာဝန်ခံမှုနှင့် အများပါဝင်မှုတို့ရှိသည်၊ နည်းပေးလမ်းပြပြုပေးခြင်းနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးခြင်းအားဖြင့် အကူအညီများကို လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများနှင့်အညီ ဖြန့်ပေးရန် သေချာစေခြင်း။
- စခန်းစီမံအုပ်ချုပ်ဖွဲ့စည်းတည်ဆောက်ပုံအား ပြန်လည်ပြင်ဆင်ခြင်း၊ တိုးတက်ရန်အားပေးခြင်းနှင့် လူထုများအား လျှင်မြန်စွာတုံ့ပြန်မှုပေးခြင်း။
- ကျွမ်းကျင်မှုသင်တန်းများ၊ လူထုစည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်ချက်များနှင့် ရပ်ရွာကရှေ့ဆောင်သော လှုပ်ရှားမှုများပြုလုပ်ပေးခြင်းအားဖြင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်များပြုလုပ်ခြင်းတွင် ဒုက္ခသည်များအတွက် စွမ်းရည်နှင့်အခွင့်အလမ်းများ တိုးတက်လာခြင်း။
- ပြင်ဆင်မှု၊ မိမိနေရပ်သို့ပြန်ခြင်းနှင့် မိမိနေရပ်သို့ပြန်ပို့ခြင်းများပြုလုပ်စဉ်တွင် ၄င်းတို့ပေါင်းစပ်ပါဝင်သော နေရာအတွက် ဦးဆောင်မှုတစ်ခုဖြင့် တာဝန်ယူရန် ရပ်ရွာရှိအဖွဲ့အစည်းများကို အားပေးခြင်း။
- TBC လုပ်ငန်းအစီအစဉ်များ၏ အစိတ်အပိုင်းမှန်သမျှတွင် အမျိုးသမီးများနှင့် ကိုယ်စားပြုမှုမဲ့သော အခြားအုပ်စုများ၏ ကိုယ်စားပြုမှုနှင့် ပါဝင်မှုများတိုးလာခြင်း။
- အရပ်သားအဖွဲ့အစည်း၏အတိုင်ပင်ခံအဖွဲ့မှ လူသားချင်းစာနာမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှု၊ အကူအညီနှင့် ဖြေရှင်းနည်းများအတွက် ထောက်ခံပြောဆိုရာကို အသိပေးအကြောင်းကြားခြင်း။
- မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ စစ်ဒဏ်သင့်နယ်မြေများရှိ ကျေးရွာကိုယ်စားလှယ်များနှင့် နယ်မြေခံ အာဏာပိုင်များတို့သည် ဖွံ့ဖြိုးရေးဆိုင်ရာဦးစားပေးလုပ်ငန်းများကို ဖေါ်ထုတ်ရန်၊ စီစဉ်ရန်နှင့် အကောင်အထည်ဖေါ်ရန်အတွက် အားပေးခြင်း။

အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ TBC ၏ အဖွဲ့အစည်းဆိုင်ရာအင်အားစုများနှင့် ဖွဲ့စည်းတည်ဆောက်ပုံသည် အပြောင်းအလဲနှင့် ကျယ်ပြန့်လာသောလုပ်ငန်းအစီအစဉ်ဦးတည်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသည်။

မျှော်လင့်ထားသောရလဒ်များ

- TBC ဝန်ထမ်း နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၏ ဝန်ထမ်းများသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင်းရှိ ရပ်ရွာအလိုက်လုပ်ငန်းအစီအစဉ်များကို အထောက်အကူပြုပေးရန်အတွက် သင့်တော်သည့်ကျွမ်းကျင်မှုများ နှင့် အတွေ့အကြုံများ ရှိလာခြင်း။
- တွဲဖက်လုပ်ကိုင်သည့်အဖွဲ့ဝင်များတွင် လက်ရှိနှင့် အခြားမှဘဏ္ဍာငွေရရှိရေးအခွင့်အလမ်းအမျိုးမျိုးကို သေချာစေရန် လိုအပ်သည်၊ သို့မှသာလုပ်ငန်းအစီအစဉ်များ အောင်မြင်မည် ဖြစ်ခြင်း။
- TBC ၏ လုပ်ငန်းအစီအစဉ်များရေးဆွဲရာ၌လည်းကောင်း၊ အကောင်အထည်ဖော်တွင် ယောက်ကျား–မိန်းမတန်းတူထားရှိရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးတို့ကို ထည့်သွင်းစဉ်းစားခြင်း။
- သတင်းထုတ်ပြန်မှုများနှင့် ဝန်ဆောင်မှုများက အရေးဆိုမှု၊ လုပ်ငန်းအစီအစဉ်ရေးဆွဲမှုနှင့် ကြိုတင်ပြင်ဆင်မှုတို့ကိုသာမက အကူအညီများစေ့စပ်သေချာမှုနှင့် ထိရောက်မှုရှိအောင်လည်း အထောက်အကူပြုပေးခြင်း။
- TBC နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများတွင် ကြည့်ရှုစစ်ဆေးမှုနှင့်အကဲဖြတ်မှုစွမ်းရည်များသည် စီမံကိန်းရေးဆွဲခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာဖြစ်ပေါ်တိုးတက်ရေးတို့အတွက် လုပ်ငန်းတိုးတက်မှုအကြောင်းနှင့် အကျိုးသက်ရောက်မှုများအကြောင်းစသည့်သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်း။

နောက်ဆက်တွဲ (၁)– ကျင့်ဝတ်များ

TBC နယ်စပ်ဒေသကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်းသည် အောက်ပါအချက်များနှင့်အညီ လိုက်နာမည်။

- နိုင်ငံတကာကြက်ခြေနီအဖွဲ့၊ လခြမ်းနီလှုပ်ရှားမှုအဖွဲ့နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် ဒုက္ခရောက်သူများအားကယ်ဆယ်သည့် (၁၉၉၄) ရှိ ကျင့်ဝတ်များ၊
- လူသားချင်းစာနာမှုဆိုင်ရာကပ်ဘေးသင့်အခြေအနေများတွင် လိုင်မှုဆိုင်ရာအမြတ်ထုတ်မှုနှင့် မတော်မတရားပြုမှုများမှ ကာကွယ်စောင့်ရှောက်ပေးမှုနှင့်ပတ်သက်၍ အဖွဲ့အစည်းပေါင်းစုံ၏အမြဲတမ်းကော်မတီ၊ အလုပ်အဖွဲ့က ရေးဆွဲပြဋ္ဌာန်းထားသောပင်မမူများ (၂၀၀၂)၊
- ထိုင်းနိုင်ငံ ဒုက္ခသည်များအရေး ညှိနှိုင်းရေးကော်မတီ (CCSDPT) က ပြဋ္ဌာန်းထားသော ကယ်ဆယ်ရေး အဖွဲ့အစည်းပေါင်းစုံလိုက်နာရမည့် ကျင့်ဝတ်များ (၂၀၀၈)၊

TBC ဝန်ထမ်းတဦးချင်းသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သော ကတိကဝတ်များ အပါအဝင် ကျင့်ဝတ်အပြည့်အစုံကို သဘောတူလက်မှတ်ရေးထိုးထားသူများ ဖြစ်သည်။

TBC အား ကပ်ဘေးကယ်ဆယ်ရေးနှင့်ပတ်သက်သော လူသားချင်းစာနာမှုဆိုင်ရာပဋိညာဉ်စာချုပ်နှင့် စံချိန်များ (Humanitarian Charter and Minimum Standards in Disaster Relief) မှ လမ်းညွှန်မှုပေးသည်။

TBC သည် ထိုင်းအစိုးရနှင့် အတူတကွပူးပေါင်းဆောင်ရွက်ပြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းကိုလုပ်ဆောင်သည်။

TBC သည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် တရားဝင်ဆက်ဆံရေးတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (Myanmar Peace Centre) နှင့် သဘောတူညီချက်တခုရရန် စေ့စပ်ဆွေးနွေးနေလျှက်ရှိသည်။

နောက်ဆက်တွဲ (၂)–အဖွဲ့အစည်း၏ရည်မှန်းချက်များ

အောက်ပါအချက်များသည် (၂၀၀၅)ခုနှစ်တွင် **Charity Commission of England and Wales** နှင့် မှတ်ပုံတင်ခဲ့စဉ် TBC ၏ ဖွဲ့စည်းပုံပုဒ်မများထဲတွင် ထည့်သွင်းထားခဲ့သောရည်မှန်းချက်များ ဖြစ်ပါသည်။

–မြန်မာနိုင်ငံမှ ဒုက္ခသည် လိုအပ်ချက်များ၏ ကယ်ဆယ်ခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာမှ အကူအညီများပေးခြင်း၊

–မြန်မာနိုင်ငံမှ ဒုက္ခသည်များသည် ၄င်းတို့၏လူမှုပတ်ဝန်းကျင်တွင် ပြည့်ဝစွာပါဝင်လုပ်ဆောင်နိုင်ရန် အတွက် လူမှုရေးနှင်စီးပွားရေးအရ ချို့တဲ့ဆင်းရဲသောလူမှုအုပ်စုဝင်များ၏ စွမ်းရည်နှင့်ကျွမ်းကျင်မှုများ ကို ဖွံ့ဖြိုးတိုးတက်စေရန်၊

–မြန်မာနိုင်ငံ၏ ဒုက္ခသည်များအပေါ် ထိခိုက်သောပြဿနာများနှင့် လိုအပ်ချက်များအကြောင်းကို သိမြင်စေခြင်းအားဖြင့် အများပြည်သူတို့အကျိုးအတွက် တန်းတူညီမျှမှု၊ မတူကွဲပြားသောလူမျိုးများ တည်ရှိနေမှုနှင့် လူမျိုးရေးသဟဇာတ ဖြစ်မှုတို့အကြောင်းကို မြှင့်တင်ပေးရန်၊

–စောင့်ကြည်ခြင်းနှင့်အကဲဖြတ်ခြင်းအားဖြင့် ထိုင်းမြန်မာနယ်စပ်တွင် (ကမ္ဘာ့လူ့ အခွင့်အရေးကြေငြာ စာတမ်း၊ ကုလသမဂ္ဂသဘောတူစာချုပ်များနှင့် ကြေငြာစာတမ်းများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း) လူ့အခွင့်အရေးများကို မြှင့်တင်ပေးရန်၊